# မဟာသမယသုတ်

(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်)

၂၀၁၂-ခုနှစ်၊ ဇန်နဝါရီလ ၂၉-ရက်။

ဟောကြားသူ= မြတ်စွာဘုရား
နာကြားသူ= ရဟန္တာ(၅)ရာနှင့် နတ်ပြဟ္မာများ
နေရာ = သက္ကတိုင်း၊ ကပိလဝတ်မြို့အနီးရှိ မဟာဝုန်တော
အချိန် = နယုန်လပြည့်၊ ညနေချမ်းအချိန်
အကြောင်းအရာ= နတ်ပြဟ္မာတို့ ဘုရားနှင့်ရဟန္တာများကိုဖူးရန် စုဝေးရောက်ရှိလာခြင်း

**အပိုင်း(၄)ခု**

(က) မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်များ၏ နောက်ခံသမိုင်းအကျဉ်းချုပ်
(ခ) မင်းသားများ ရဟန်းဝတ်ခြင်း
(ဂ) မဟာသမယသုတ်ကို ဟောတော်မူခြင်း
(ဃ) နတ်များကို သမ္မာပရိဗ္ဗာဇနီယ စသော(၆)သုတ်ကို ဆက်၍ဟောတော်မူခြင်း

**(က) မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်များ၏ နောက်ခံသမိုင်းအကျဉ်းချုပ်**

ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ တတိယမြောက် ဩက္ကာကမင်းတိုင်အောင် မင်းဆက်ပေါင်း(၂၅၂,၅၅၆) ယောက်ရှိ၏။ နောက်ဆုံးဩက္ကာကမင်း၌ မိဖုရား ၅ယောက်ရှိ၏။ အကြီးဆုံးမိဖုရားမှ ဩက္ကာမုခ၊ ကရကဏ္ဍု၊ ဟတ္ထိနိက၊ သိနိသူရ ဟူသော သား(၄)ယောက်၊ ပိယာ၊ သုပ္ပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာဟူသော သမီး (၅)ယောက်ဖွားမြင်၏။ အကြီးဆုံးမိဖုရားကြီးကွယ်လွန်ပြီးနောက် အသက်အရွယ်ငယ်သော မင်းသမီးတစ်ယောက်ကို မိဖုရားကြီးအရာတင်မြှောက်၏။ ဇန္တုမည်သော သားတော်လေးတစ်ပါးရ၏။ မိဖုရားကြီး၏ တောင်းဆိုမှုကြောင့် သားငယ်ကို ထီးနန်းအရိုက်အရာ ပေးရန်တောင်းသဖြင့် ပေးလိုက်ရ၏။ သားကြီးများကိုကား လိုအပ်သမျှ ဆင်မြင်းရထားရိက္ခာတို့ကို ယူဆောင်၍ အခြား၌ သွားနေရန် ပြောသဖြင့် အစ်မတော်(၅)ယောက်နှင့် အခြွေအရံများ၊ အမတ်ကြီး(၈)ဦးပါ စစ်အင်္ဂါလေးပါး၊ များစွာသော တိုင်းသူပြည်သားတို့ဖြင့် ဟိမဝန္တာဘက်သို့ မြို့သစ်တည်ရန် ထွက်လာခဲ့၏။ ထိုအခါ၌ ဟိမဝန္တာတောင်အနီး ကျွန်းတောကြီး၌နေသော အလောင်းတော် **ကပိလ**ရသေ့ကြီး နှင့် တွေ့သဖြင့် သူ့ကျောင်းသခ် န်းနေရာကို မြို့တည်ရန် မင်းသားများကို ပေးလိုက်၏။ ကပိလရသေ့ကြီး၏ နေရာကို အစွဲပြု၍ မြို့တည်သဖြင့် "**ကပိလဝတ္ထုမြို့၊ ကပိလဝတ္ထု နေပြည်တော်**"ဟု နာမည် တွင်လာ၏။

မင်းသားမင်းသမီးများ အရွယ်ရောက်သောအခါ သူတို့နှင့်မျိုးဇာတ်တူသူ မရှိသဖြင့် အစ်မကြီးကို အမိအရာ ထား၍ ကျန်မောင်နှမများ အမျိုးဇာတ်မပျက်ရေးအတွက် အချင်းချင်းလက်ထပ်ယူကြ၏။ နောင်အခါ ခမည်းတော်ကြီးသိ၍ "သကျာ (သက္ကာ) ဝတ ဘော ကုမာရာ=ငါ့သားတော် သမီးတော်များ စွမ်းနိုင်ကြပါတကား"ဟု ချီးကျူးခဲ့သဖြင့် ထိုစကား ကို အစွဲပြု၍ နောင်အခါ **သက္က>သကျမင်းမျိုး** ဟု ထင်ရှားလာ၏။ တိုင်းပြည်ကိုလည်း **သက္ကတိုင်း**ဟု အမည်ရလာ၏။ ထိုမင်းသားများသည် ဟိမဝန္တာကျွန်းတောအနီးတွင် နေထိုင်ခြင်းကြောင့် **သာကီယ-သာကီမျိုး**ဟုလည်း ခေါ်ကြ၏။

အမကြီးဖြစ်သော ပိယာမှာ နောင်အခါ နူနာစွဲသဖြင့် တောထဲ၌ လှိုင်ခေါင်းဖြင့် နေခဲ့ရ၏။ ထိုအချိန်၌ **ရာမ**မည် သော ဗာရာဏသီမင်းသည်လည်း နူနာရှိ၍ ထီးနန်းကို သားတော်ကြီးအပ်ကာ တောမှာနေ၏။ အလွန်တရာကြီးမားသော ကလောပင်ခေါင်းကြီးကိုတွေ့၍ တံခါးပေါက်လုပ်ပြီး သစ်ခေါင်းအိမ်၌ နေ၏။ အသီးအရွက်များ စားသဖြင့် နူနာပျောက်ခဲ့၏။ နောင်အခါ ပိယာမင်းသမီးနှင့်တွေ့ပြီး ရာမမင်းက ဆေးကုပေးသဖြင့် နူနာပျောက်၏။ သူတို့နှစ်ယောက်မှ အမွှားပူးသား

(၁၆)ကြိမ်မွေးသဖြင့် သား(၃၂)ယောက်ရ၏။ ဗာရာဏသီမင်း၏ သားတော်ကြီးက တိုင်းပြည်ပြန်လာရန် ပြန်ခေါ်သော်လည်း မလိုက်တော့ဘဲ သူနေသော ကလောပင်ကြီးကိုဖယ်ရှား၍ မြို့တည်ပေးရန် ပြော၏။ ကလောပင်နေရာ၌ မြို့တည်သောကြောင့် "**ကောလိယမြို့၊ ကောလိယပြည်**"ဟူ၍ နောင်တွင် ထင်ရှားလာ၏။

ပိယာမိဖုရားကြီးက သူ့သားတော်များ အရွယ်ရောက်သောအခါ သူ့တို့ ဦးရီးတော်များ၏ သမီးတော်များ ရေချိုးဆင်းသည့်အချိန်၌ မိမိတို့ကြိုက်ရာ မင်းသမီးများကို ခေါ်ယူခဲ့ရန် သင်ပေးလိုက်၏။ ဦးရီးတော်များကလည်း သူတို့တူများဖြစ်သဖြင့် သဘောတူကာ ဆိတ်ဆိတ်နေလိုက်၏။ ထိုအခါမှစ၍ သာကီဝင်မင်းနှင့် ကောလိယမင်းတို့ အချင်းချင်းလက်ထပ်လာကြသည်မှာ ဘုရားလက်ထက်တိုင်အောင် ဖြစ်၏။

ကပိလဝတ်ပြည်၌နေသော သာကီဝင်မင်းသားတို့သည် အလွန်တရာ သာယာလှပသော ရေကန်ကြီး၌ ရေကစား(ရေချိုး)လေ့ရှိ၏။ မင်းသားများ ရေကစားသဖြင့် ဒေဝဒဟ(ဒေဝ=သမ္မုတိနတ်ဖြစ်သော သာကီဝင်မင်းတို့၏၊ ဒဟ=ကစားရာရေအိုင်)ဟု ခေါ်၏။ နောင်သောအခါ မင်းသားတို့သည် ရေကစားပြီး ကပိလဝတ်နေပြည်တော်သို့ မပြန်တော့ဘဲ ရေကန်အနီး၌ တည်းခိုစံအိမ်များတည်ဆောက်နေလာကြ၏။ နောက်ပိုင်း စည်ကားလာပြီး ထိုမြို့ကို "**ဒေဝဒဟမြို့၊ ဒေဝဒဟပြည်**"ဟူ၍ နာမည်တွင်လာတော့၏။

> (ဤသို့လျှင် ကပိလဝတ်ပြည်ကိုထောင်သော ဥက္ကာမုခမင်းမှစ၍ ဇယျသေနမင်းတိုင်းအောင် မင်းပေါင်း(၈၂၀၁၀) ရှိပြီး၊ (က)ထိုဇယျသေနမင်း၏သား သီဟဟနုမင်း၊ (ခ) ထိုမင်း၏သားတော် သုဒ္ဓေါဒနမင်း၊ (ဂ) ထိုမင်း၏သားတော် အလောင်းတော် သိဒ္ဓတ္ထမင်း၊ ဤသို့လျှင် ကပိလဝတ်နေပြည်တော်ကို စိုးစံခဲ့သော စုစုပေါင်း (၈၂၀၁၃)ယောက်ကုန်သော မင်းတို့သည် သာကီဝင်မင်းတို့သည်ချည်းသာ ဖြစ်ကုန်၏။)

## ကပိလဝတ်ပြည်နှင့် ကောလိလပြည်တို့ ရောဟိဏီချောင်းရေကို အကြောင်းပြု၍ စစ်ဖြစ်ခြင်း

ရောဟိဏီချောင်းသည် ကပိလဝတ်နှင့်ကောလိယ နှစ်ပြည်ကြားတွင်ရှိ၏။ ထိုချောင်းကို နှစ်ပြည်လုံးက အမှီပြု နေရ၏။ နယုန်လ ရေအားနည်းချိန် စပါးခင်းများအတွက် လယ်သမားများရေလုရာမှ ရန်ပွဲစလာ၏။ ထိုအခါ ကောလိယဘက်မှ လယ်သမားများက "မင်းတို့ အားကိုးနေတဲ့ ကပိလဝတ်မင်းတွေက ခွေးတွေလို မောင်နှမချင်းယူထားတာ၊ သူတို့က ဘာများ တတ်နိုင်မှာလဲ" ဟု အမျိုးထိပါးပြောဆိုလာ၏။ ထိုအခါ ကပိလဝတ်ဘက်မှ လယ်သမားများကလည်း "မင်းတို့ ကောလိယမင်းတွေက အနူမျိုးတွေ၊ ပြည်နှင်ဒဏ်ပေးခံရပြီး နေစရာမရှိလို့ တိရစ္ဆာန်တွေလို သစ်ခေါင်းထဲ နေခဲ့ရတာ"ဟု အားကျမခံ ရန်တွေ့လေ၏။ ဤအကြောင်း နန်းတော်အထိရောက်သွားပြီး နှစ်ပြည်ထောင်မင်းများ စစ်တိုက်ရန် နှစ်နိုင်ငံနယ်စပ် ရောဟိဏီချောင်းသို့ ထွက်လာခဲ့ကြ၏။

စစ်ဖြစ်တော့မည့် ထိုညနေခင်း၌ ဘုရားရောက်လာကာ မည်သည့်ကိစ္စကြောင့် ဤနေရာသို့လာကြနည်း၊ ရေကစားလာတာလားဟု မေး၏။ နှစ်ပြည်ထောင်မင်းများက ရေအတွက်စစ်ခင်းရန်လာကြောင်း လျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရေသည်မည်မျှ အဘိုးထိုက်တန်ပြီး သာကီဝင်မင်းသားတို့ကား အဘယ်မျှ အဘိုးထိုက်တန်လေသနည်း"ဟု မေးသောအခါ "ရေက အနည်းငယ်မျှသာ ထိုက်တန်ပြီး၊ သာကီဝင်မင်းများကတော့ အတိုင်းမသိ ထိုက်တန်ကြပါကုန်၏ဘုရား"ဟု ပြန်လျှောက်ကြ ၏။ "ဘာမှ အဘိုးမထိုက်သည့် ရေအတွက် အဘိုးမဖြတ်နိုင်သည့် ခတ္တိယနွယ်ရိုး သာကီဝင်မင်းမျိုးတို့ကို ဘာကြောင့် ဖျက်ဆီးလိုဘိသနည်း။ ခိုက်ရန်ဖြစ်ပွား အချင်းများခဲ့ကြလို့ ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတို့ဟာ ဤကမ္ဘာပတ်လုံး ရန်ငြိုး တည်ခဲ့ဖူးပြီ"ဟု ဆိုကာ ဖန္ဒနဇာတ် စသည့်(၆)ဇာတ်ကို ဟောတော်မူ၏။

## (၁) တည်ပင်စောင့်နတ်နှင့် ဝက်ဝံတို့ရန်ငြိုး

ပုဏ္ဏားတစ်ယောက် မြင်းရထားလုပ်ရန် သစ်ခုတ်ဖို့ ဟိမဝန္တာတောသို့ ထွက်လာ၏။ ထိုအချိန် ကြို့ပင်အောက် အိပ်နေသော ဝက်ဝံတစ်ကောင်သည် လေတိုက်၍ သူ့အပေါ် သစ်ကိုင်းကြိုးကျသည်ကို ရုက္ခစိုးလုပ်သည်ဟု ထင်ကာ ထိုကြို့ပင်စောင့်နတ်အပေါ် ရန်ငြိုးထား၏။ ပုဏ္ဏားလာသောအခါ ရထားလုပ်ရန် ကြို့သားအကောင်းဆုံးဟု အကြံလိုက်သဖြင့် ပုဏ္ဏားက ထိုကြို့ပင်ကို ခုတ်လိုက်၏။ ကြို့ပင်စောင့်နတ်ကလည်း လူယောင်ဆောင်၍ ရထားကွပ်ရန် ဝက်ဝံ၏

လည်ပင်းသရေသည် အကောင်းဆုံးဟု အကြံပေးပြန်၏။ ဤသို့ အချင်းချင်း ရန်ငြိုးထားကာ အပြန်အလှန်သတ်ဖြတ်ကြလေ၏။

မင်းအပေါင်းတို့--အတူနေသူ လူတို့အချင်းချင်း ခိုက်ရန်ဖြစ်ခြင်းသည် ဥဒေါင်းကသည်နှင့် တူလှ၏။ သင်တို့သည် ဂင်္ဂါ ယမုန်နာ မြစ်ရေများရောနှောမိသလို စည်းလုံးညီညွတ် မေတ္တာသက်ဝင်လို့ ချစ်ခင်ကြကုန်လော့။ ရန်မဖြစ်ကြပါကုန်လင့်။ ညီညွတ်ရေးကိုသာ အားထုတ်ကြပါ။ ဘုရားရှင်တိုင်းကလည်း ညီညွတ်ရေးကိုသာ ချီးမွမ်းကြပါ၏။ ညီညွတ်ပြီး သုစရိုက်တရားတည်ကာ ကျင့်ကြံပါမှ နိဗ္ဗာန်ရပေမည်။

ဟု မြတ်စွာဘုရားက ဆုံးမတော်မူလေ၏။ ဤတရားကြောင့် သာကီဝင်မင်းသားများ ညီညွတ်သွားကြ၏။

(ဖန္ဒနဇာတ်၊ တေရသက နိပါတ်)

## (၂) ဆင်ခြင်ဉာဏ်နည်းသည့် ယုန်သူငယ်

ထို့နောင် သူတစ်ပါးပြောစကားကို မစဉ်းစား မဆင်ခြင်ဘဲ မယုံကြည်သင့်ကြောင်း ဒုဒ္ဒုဘဇာတ်ကို ဟောတော်မူပြန်၏။

တခါက ဥသျှစ်ပင်ရင်း ထန်းလက်အောက်၌ အိပ်နေသောယုန်တစ်ကောင်သည် ထန်းလက်ပေါ်သို့ ဥသျှစ်သီးကြွေကျသောအခါ "မြေပြိုပြီ"ဟု အော်ဟစ်ထွက်ပြေးလေ၏။ ကျန်သတ္တဝါများလည်း သူနှင့်လိုက်ပါ၍ သမုဒ္ဒရာဘက်သို့ ထွက်ပြေး လေ၏။ အလောင်းတော်ခြင်္သေ့မင်းနှင့်တွေ့မှသာ အကြောင်းစုံကိုသိရ၍ သတ္တဝါအပေါင်း ပင်လယ်ထဲ သက်ဆင်းမည့် သေဘေးမှ လွတ်ခဲ့ရ၏။ (ဒုဒ္ဒုဘဇာတ်၊ စတုက္ကနိပါတ်)

## ၃။ အားသေးသည့် ဗီလုံးငှက်မလေး

ထို့နောင် အင်အားငယ်သူများကို အထင်မသေးကြရန်၊ အနိုင်မယူကြရန်၊ အင်အားငယ်သူပင်ဖြစ်သော်လည်း အကွက်တွေ့လျှင် အင်အားကြီးသည့် ဆင်ကြီးကို အနိုင်ယူသွားသော ဗီလုံးငှက်မလေး၏ဇာတ်ကို ဟောတော်မူ၏။

ဗီလုံးငှက်မလေးသည် ဆင်သွားရာလမ်းတွင် ဥများဥထား၏။ သားကလေးများ ပေါက်သောအခါ ဆင်အုပ်ကြီး ရောက်လာ၏။ ရှေ့ဆုံးမှ အလောင်းတော်ဆင်မင်းကို သူ့သားများမနင်းရန် တောင်းပန်သဖြင့် ဆင်မင်းက အကာအကွယ် ပေးလိုက်၏။ သို့သော် သူ့နောက်မှ ဆင်ကြမ်းကြီးတစ်ကောင်ရောက်လာတော့ တောင်းပန်သော်လည်း မရဘဲ ပြားချပ်အောင် နင်းသတ်ကာ ကျင်ငယ်များပါ စွန့်သွားလေ၏။ ဤတွင် ဗီလုံးငှက်မလေးက အရာရာ ကိုယ်အားတစ်မျိုးတည်းဖြင့် ပြီးသည်မဟုတ်ဟု ဆိုကာ အောင်နိုင်ကြောင်း နည်းလမ်းရှာလေ၏။

ထို့နောက် ကျီးကန်းကိုမိတ်ဖွဲ့၍ ဆင်မျက်လုံးကို ဖောက်ခိုင်း၏။ ယင်မကို မိတ်ဖွဲ့ကာ ဆင်မျက်လုံးနာကို ပိုးလောက်တက်အောင် ယင်ဥခိုင်း၏။ ဖားကိုမိတ်ဖွဲ့ကာ တောင်ထိပ်မှနေ၍ အော်ခိုင်း၏။ ရေဆာနေသောဆင်ကြီးက တက်လာသောအခါ တောင်ချောက်သို့ဆင်း၍ ဖားကအော်ပြန်၏။ ရေရှိလိမ့်မည်အထင်ဖြင့် ဆင်းလိုက်ရာ တောင်အောက်သို့ လိမ့်ကျ၍ ဆင်ကြီးသေသွားတော့၏။ (လဋုကိကဇာတ်၊ ပဉ္စကနိပါတ်)

## ၄။ စည်းလုံးလျှင် သစ်ပင်တောင် ချမ်းသာ

၄င်းနောက် ညီညွတ်ခြင်း၏အကျိုးပြရန်အတွက် ရုက္ခဓမ္မဇာတ်ကို ဟောတော်မူပြန်၏။ စည်းလုံးညီညွတ်စွာ နေကြလျှင် လူကိုမဆိုထားဘိ အသက်မရှိသော သစ်ပင်များသည်ပင် အန္တရာယ်ကို ကာကွယ်နိုင်၏။

ဝေဿဝဏ်နတ်မင်းကြီးအသစ် ပြောင်းလဲသောအခါ မိမိတို့နစ်သက်ရာဌာန၌ ဘုံဗိမာန်ကို ယူကြရန် အမိန့်ထုတ်၏။ ထိုစဉ် အလောင်းတော်သည် ဟိမဝန္တာ၌ ရုက္ခစိုးနတ်ဖြစ်နေ၍ မိမိဆွေမျိုးနတ်များကို ဤအင်ကြင်းတော၌သာ နေရာယူရန်၊ လွင်ပြင်၌ရှိသော သစ်ပင်များ၌ မနေကြရန် ပြော၏။ အချို့ပညာမဲ့သောနတ်များက မြို့ရွာနှင့်ဝေးလျှင် ပူဇော်ပသမည့်သူ မရှိ၊ မြို့ရွာနားမှာနေမှ ပူဇော်ပသမည့်သူရှိမည်ဟု ဆိုကာ မြို့ရွာအနီးသစ်ပင်များ၌ နေကြ၏။ သို့သော် မုန်တိုင်းကြီးလာသောတစ်နေ့တွင် လွင်ပြင်၌ရှိသောသစ်ပင်များမှာ အမြစ်ပါကျွတ်၍ လဲကုန်၏။ နေစရာစမရှိသဖြင့် သားသမီးများကို လက်ဆွဲကာ ဟိမဝန္တာသို့ပြန်လာကြကာကုန်၏။ (ရုက္ခဓမ္မဇာတ်၊)

### ၅။ ညီညွတ်ရင် ငှက်လည်းချမ်းသာ

ထို့နောင် ဆွေမျိုးများညီညွတ်လျှင် ငှက်များပင် ဘေးရန်မှန်သမျှအောင်နိုင်ပြီး မညီညွတ်လျှင် အမျိုးပင် ပျက်စီးတတ်ပုံကို ငုံးမင်းဇာတ်ထုတ်ဆောင်ကာ ဟောတော်မူ၏။

ငှက်မုဆိုးက ငုံးများကိုဖမ်းကာ အသက်မွေးဝမ်းကြောင်း ပြုနေ၏။ တနေ့၌ ဘုရားလောင်းငုံးမင်းသည် ငုံးများပျက်စီးပြုန်းတီးရေးမှ ကယ်တင်ရန် နည်းလမ်းရှာ၏။ နောက်တစ်ကြိမ်ငှက်မုဆိုးပိုက်ကွန်ပစ်ချလျှင် ပိုက်ကွန်တစ်ပေါက်စီ၌ ငုံးတစ်ကောင်စီ ခေါင်းစွပ်၍ တညီတညွတ်တည်း မ,ချီကာ ဆူးခြုံပေါ်၌ပစ်ချပြီး နောက်မှ အောက်ကထွက်ရန် ပြောဆို၏။ ထိုအတိုင်းလုပ်သဖြင့် ငုံးများချမ်းသာရာ ရနေကြ၏။ ထိုအခါ ငှက်မုဆိုးက ငုံးများအိမ်ကို မပါလာတော့သဖြင့် သူ့မိန်းမက "သူမှတစ်ပါး အခြားမိန်းမ ရှိလေယောက်တကား"ဟု စွပ်စွဲလေတော့၏။

ဤတွင် မုဆိုးက ငုံးများ ယခုညီညွတ်နေ၍ ပိုက်ကွန်ပါ မ,ချီသွားသဖြင့် လက်ချည်းပြန်လာရကြောင်း၊ နောင် ငုံးများခိုက်ရန်ဖြစ်တဲ့အခါကျလျှင် သူတို့အားလုံးကို ဖမ်းဆီးပြီး ရှင်မထံယူလာမည်ဖြစ်ကြောင်း ပြောလေ၏။ ရက်အနည်းငယ်အကြာ ငုံးများအစာရှာရန် မြေပြင်သို့အဆင်း အခြားငုံးတစ်ကောင်၏ခေါင်းပေါ်သို့ မတော်တဆ နင်းမိသွား၏။ တောင်းပန်သော်လည်း အနင်းခံရသည့်ငုံးက ဒေါသထွက်မြဲထွက်နေသဖြင့် ရန်ဖြစ်ကြတော့၏။ ဤသည်ကို ဘုရားလောင်းငုံးမင်းက "မကြာမီ ငုံးများပျက်စီးကြတော့မည်"ဟုသိ၍ သူ့နောက်လိုက်များကိုခေါ်ကာ ထွက်သွားတော့၏။ ဒေဝဒတ်အလောင်းငုံးမင်း ဦးဆောင်သော ရန်ဖြစ်သည့်ငုံးများသာ ကျန်ခဲ့တော့၏။ နောက်တစ်ကြိမ် ငှက်မုဆိုး၏ပိုက်ကွန်မိသောအခါ မညီမညွတ်ဖြစ်ပြီး စကားများနေစဉ် မုဆိုးကရိုက်သတ်ကာ ငုံးအားလုံး တောင်းထဲထည့်ပြန်သွားတော့၏။

(ဝဋ္ဋကဇာတ်=သမ္မောဒမာနဇာတ်၊ ဧကနိပါတ်)

### ၆။ အတ္တဒဏ္ဍသုတ်

ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘေးအပေါင်းတို့သည် မိမိတို့၏ ဒုစရိုက်အပြစ်ဒဏ်များကြောင့်သာ ဖြစ်ပေါ်လာရ၏။ သို့သော် အချင်းချင်းခိုက်ရန်ဖြစ်နေကြသော သာကီဝင်မင်းအပေါင်းတို့ကို ကြည့်ရှုကြလော့။ ငါဘုရားကိုယ်တိုင် ထိပ်လန့်ဖွယ်သံဝေဂ ရခဲ့သည့်အတိုင်း ဟောကြားပေအံ့။

ဤသို့စသည်ဖြင့် ဘေးရန်ဖြစ်ခြင်း၏ အကြောင်းကိလေသာများကို ပယ်နှုတ်ကြရန် အတ္တဒဏ္ဍသုတ်ကို ဟောတော်မူခဲ့၏။

(သုတ္တနိပါတ်၊ အဋ္ဌကဝဂ်)

(မှတ်ချက်။ မြတ်စွာဘုရားသည် ငြင်းခုံခိုက်ရန် ငြိမ်းချမ်းရေးအတွက် ဖန္ဒနဇာတ်၊ ဒုဒ္ဒုဘဇာတ်၊ လဋုကိကဇာတ်တို့ကို ဟော၏။ ငြိမ်းချမ်းမှုအကျိုးပြရန် ရုက္ခဓမ္မဇာတ်နှင့် ဝဋ္ဋကဇာတ်တို့ကို ဟောတော်မူ၏။ ထို့နောက် ရန်ဖြစ်ခြင်း၏ မူရင်းအကြောင်းကိလေသာကို ပယ်နှုတ်ရန် အတ္တဒဏ္ဍသုတ်ကို ဟောတော်မူ၏။)

### (ခ) မင်းသား(၅၀၀)ရာ ရဟန်းဝတ်ကြခြင်း

ဒေသနာများ ဟောကြားပြီး နှစ်ပြည်ထောင်မင်းများ ညီညွတ်သွားသဖြင့် သွေးချောင်းစီးမည့်ဘေးမှ လွတ်သွားကြ၏။ မြတ်စွာဘုရားကို အမှီပြု၍ အသက်ချမ်းသာရာ ရပေသည်ဟုဆိုကာ နှစ်ပြည်ထောင်မင်းတို့ တစ်ဖက်လျှင် မင်းသား ၂၅၀-စီ မြတ်စွာဘုရား၏ အခြံအရံအဖြစ် လိုက်ပါရန် လှူလိုက်၏။ မြတ်စွာဘုရားက ဟေဝိဘိက္ခုရဟန်းပြုပေးလိုက်ပြီးလျှင် ကပိလဝတ်ပြည်အနီး မဟာဝုန်တောသို့ ခေါ်သွားလေ၏။

ထိုရဟန်းများသည် မိမိတို့သဘောအတိုင်း ရဟန်းပြုလာကြသည်မဟုတ်၍ သာသနာတော်၌ မပျော်ကြပေ။ အိမ်၌ကျန်ရစ်ခဲ့သော ဇနီးများကလည်း လူပြန်ထွက်လာရန် သတင်းစကား ပါးကြ၏။ ဤသည်ကို မြတ်စွာဘုရား ဆင်ခြင်သိတော်မူ၍ စိတ်ပြေစေရန် ရဟန်းငါးရာကို ဟိမဝန္တာတောသို့ ဈာန်ဖြင့်ခေါ်ဆောင်သွားပြီး ဟိမဝန္တာ၏လှပပုံများကို ကောင်းကင်မှ လှည့်လည်ပြတော်မူ၏။ ထို့နောင် ကောင်းကင်မှဆင်းကာ အင်ကြင်းပင်အောက် ကျောက်ဖျာပေါ်တွင် ထိုင်ပြီး ငှက်တို့အကြောင်း ကုဏာလဇာတ်ကို ဟောတော်မူ၏။

(ဤဇာတ်၌ ဘုရားလောင်း ကုဏာလငှက်မင်းဖြစ်စဉ်က မိန်းမတို့မာယာ(၄၁)နှင့် ၎င်းတို့ဖေါက်ပြန်တတ်ပုံများကို အကျယ်ဟောထား၏။ အကြောင်းမှာ ထိုအချိန်အခါ၌ ရဟန်းသစ်များသည် သူတို့ဇနီးမယားများအပေါ် စွဲလန်းမှုရာဂ ဖြစ်နေသောကြောင့် ထိုစွဲလန်းမှုပြတ်ရန် ဟောခြင်းဖြစ်၏။)

ထိုဒေသနာတော်အဆုံး၌ ရဟန်းများ ဈာန်ရသည့်သောတာပန်ရဟန်းများ ဖြစ်သွားကြ၏။ ထို့နောင် မြတ်စွာဘုရားကို ခြံရံလျက် ကပိလဝတ်ပြည်အနီး မဟာဝုန်တောသို့ပင် မိမိတို့ဈာန်ဖြင့် ပြန်လာကြ၏။

**ရဟန်းငါးရာတို့ ရဟန္တာဖြစ်ပြီးနောက် စုဝေးမိကြခြင်း**

မဟာဝုန်တောသို့ ရောက်သောအခါ အထက်မဂ်ဖိုလ်တရားများအတွက် ရဟန်းများကို မြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရားများ ဟောကြားတော်မူပြန်၏။ ၎င်းနောက် ရဟန်းများသည် သင့်တော်ရာအရပ်များသို့ သွားရောက်ကာ တရားအားထုတ်ကြ၏။

ရဟန်းများသည် ညနေပိုင်းရောက်သောအခါ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ထိုအကြောင်းမြတ်စွာဘုရားကို လျှောက်ရန် ထေစဉ်ဝါလိုက် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။ မိမိတို့ရဟန္တာဖြစ်ကြောင်း လျှောက်ရန်လာကြသော်လည်း အခြားရဟန်းများလည်း နောက်မှာ ပါလာကြသဖြင့် မလျှောက်တော့ဘဲ ဆိတ်ဆိတ်သာ ထိုင်ကာ စုဝေးမိကြတော့၏။ **ထိုနေ့သည်ကား နယုန်လပြည့်နေ့ဖြစ်ပြီး၊ အချိန်ကာ ညနေချမ်းအချိန်ကာလ ဖြစ်၏။**

**နတ်ပြဟ္မာများလည်း စုဝေးရောက်လာကြခြင်း**

ထိုအချိန် မဟာဝုန်တောတွင်းမှ နတ်များအစ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာများ ဘုရားနှင့်တကွ ရဟန္တာများကို ဖူးရန်ရောက် မတိုင်ပင်ထားရဘဲ အညီအညွတ် ရောက်လာကြကုန်၏။ အသညသတ်ပြဟ္မာကြီးများ၊ အရူပပြဟ္မာကြီးများနှင့် နိရောဓသမာပတ် ဝင်စားနေဆဲဖြစ်သော ပြဟ္မာကြီးများ- ဤအနည်းငယ်လောက်သော ပြဟ္မာကြီးများသာ မလာရောက်နိုင်ဘဲ ရှိကြ၏။ ထို့ကြောင့် သုဒ္ဓါဝါသဘုံသား ရဟန္တာပြဟ္မာကြီးလေးဦးမှာ နိရောဓ သမာပတ်ဝင်စားနေ၍ နောက်ကျမှ ရောက်လာကြ၏။ သို့သော် သူတို့က ဘုရားကို ပူဇော်စရာ လမ်းတွင် ဂါထာတစ်ပုဒ်စီ သီကုံးလာခဲ့ကြ၏။

ရောက်လာသောနတ်ပြဟ္မာများကို မြတ်စွာဘုရားက တန်ခိုးနည်းသော၊ မထင်ရှားသော နတ်များကို ပထမ၊ အလတ်စားနတ်များကို ဒုတိယ၊ တန်ခိုးကြီးသောနတ်များကို နောက်ဆုံးမှ အမျိုးအမည်များခေါ်၍ ဟောကြားပေသည်။

# (၈) မဟာသမယသုတ်အကျဉ်းချုပ်

အခါတပါး သက္ကတိုင်း၊ ကပိလဝတ်ပြည် မဟာဝုန်တော၌ ရဟန္တာငါးရာတို့နှင့် အတူတကွ သီတင်းသုံးနေ၏။ ထိုအခါ စကြာဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာများသည် မြတ်စွာဘုရားနှင့် အသစ်ဖြစ်သောရဟန္တာများကို ဖူးမြော်ရန် စုဝေးရောက်ရှိလာကြကုန် ၏။

**သုဒ္ဓါဝါသ ပြဟ္မာကြီးလေးဦးတို့လျှောက်ထားသော ဂါထာ**

(က) အရှင်ဘုရား၊ မဟာဝုန်တော၌ နတ်ပြဟ္မာအပေါင်းတို့သည် စုရုံးရောက်ရှိလာသဖြင့် အစည်းအဝေးကြီး ဖြစ်နေပါ၏။ အကျွန်ုပ်တို့သည်လည်း ကိလေသာရန်သူတို့ကို အောင်နိုင်ပြီးသော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ပါကုန်၏။

(ခ) အရှင်ဘုရား၊ ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းသည် မြင်းဇက်ကြိုးတို့ကို ကိုင်၍ထိန်းသကဲ့သို့ ပညာရှိရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူကြပါကုန်၏။

(ဂ) အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကောင်းစွာဆုံးမပြီးသည်ဖြစ်၍ တဏှာကင်းလျက် သန့်ရှင်းစင်ကြယ်သော ထိုရဟန္တာငယ်တို့သည် ရာဂဒေါသမောဟတည်းဟူသော ခလုပ်တံသင်းနှင့် တခါးကျည်မင်းတုပ်တို့ကို ဖြတ်ပြီး လျှင် ရာဂဒေါသမောဟတည်းဟူသော တံခါးတိုင်ကိုနုတ်၍ လှည့်လည်သွားလာနေကုန်၏။

(ဃ) အရှင်ဘုရား၊ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ပါကုန် လတ္တံ့၊ လူ့ခန္ဓာကိုစွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကြပါကုန်လတ္တံ့။

## နတ်ပြဟ္မာတို့ စုဝေးရောက်လာခြင်း

စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့သည် ဘုရားနှင့်တကွ သံဃာတော်များကို ဖူးမြော်ရန် ရောက်လာကြကုန်၏။ အတိတ်ဘုရားရှင်တို့လက်ထက်၌လည်း ဤပမာဏအတိုင်း စုဝေးခဲ့ကြပြီး၊ နောင်အနာဂတ် ဘုရားရှင်တို့ လက်ထက်၌လည်း ဤပမာဏအတိုင်း စုဝေးရောက်လာကြလိမ့်မည်။ ထိုအခါ ဘုရားရှင်သည် နတ်ပြဟ္မာ တို့၏ အမည်များကို ရဟန်းတို့အား ထုတ်ဖေါ်ဟောကြားတော်မူ၏။

ကပိလဝတ်ပြည် မြေကိုမှီ၍နေကုန်သော တန်ခိုးကြီးမား အခြံအရံများကုန်သော (၇)ထောင်သောနတ်တို့သည် မဟာဝုန်တော ရဟန်းတို့၏ အစည်းအဝေးသို့ ဝမ်းမြောက်ဝမ်းသာ ရောက်လာကြကုန်၏။ ဟိမဝန္တာတော၌ နေကုန်သော (၆) ထောင်သောနတ်တို့လည်း ရောက်လာကြကုန်၏။ သာတာဂိရိတောင်၌နေကုန်သော (၃)ထောင်သောနတ်တို့လည်း ရောက်လာကုန်၏။ ဝေဿာမိတ္တတောင်၌ နေကုန်သော (၅)ရာသော နတ်တို့လည်း ရောက်လာကြကုန်၏။ ရာဇဂြိုလ်မြို့ ဝေပုလ္လတောင်၌နေသော ကုမ္ဘီရနတ်စစ်သူကြီးသည်လည်း အသိန်းမက အခြံအရံများစွာနှင့် ရောက်လာကြကုန်၏။

အရှေ့အရပ်ကို အုပ်စိုးနေသော ဂန္ဓဗ္ဗနတ်တို့၏အရှင် ဓတရဋ္ဌနတ်မင်း၏ သားတော်တို့သည်လည်း အခြံအရံနှင့် တကွ ရောက်လာကြကုန်၏။ တောင်အရပ်ကို အုပ်စိုးနေသော ကုမ္ဘဏ်တို့၏အရှင် ဝိရုဠ္ဍကနတ်မင်းကြီး၏ သားတော်တို့ သည်လည်း ရောက်လာကြကုန်၏။ အနောက်အရပ်ကို အုပ်စိုးနေသော နဂါးတို့၏အရှင် ဝိရူပက္ခနတ်မင်းကြီး၏ သားတော် တို့သည်လည်း ရောက်လာကြကုန်၏။ မြောက်အရပ်ကို အုပ်စိုးနေသော နတ်ဘီလူးတို့၏အရှင် ကုဝေရနတ်မင်းကြီး၏ သားတော်တို့သည်လည်း ရောက်လာကြကုန်၏။ ဓတရဋ္ဌ၊ ဝိရုဠ္ဍက၊ ဝိရူပက္ခ၊ ကုဝေရဟူသော နတ်မင်းကြီးလေးပါးတို့ လည်း မဟာဝုန်တောသို့ ရောက်လာကြကုန်၏။

ထိုနတ်မင်းကြီးလေးပါးတို့၏ ကျွန်ယုံတော်ဖြစ်ကုန်သော ကောက်ကျစ်စဉ်းလဲတတ်သည့် မာယာနတ်၊ ကုဋ္ဌေဏ္ဍုနတ်၊ ဝိဋ္ဌေဏ္ဍုနတ်၊ ဝိဋုစ္စနတ်၊ ဝိဋုစ္စနတ်၊ စန္ဒနနတ်၊ ကာမသေဋ္ဌနတ်၊ ကိန္နိဃဏ္ဍုနတ်၊ နိဃဏ္ဍုနတ်တို့ ရောက်လာကြကုန်၏။

ပနာဒနတ်၊ ဩပမညနတ်၊ ရထားထိန်းမာတလိနတ်၊ စိတ္တမည်သော ဂန္ဓဗ္ဗနတ်၊ စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ်၊ နဠရာဇနတ်၊ ဇနဝါသဘနတ်၊ ပဉ္စသိခနတ်၊ တိမ္ဗရုနတ်၊ သူရိယဝစ္ဆသာနတ်သမီး၊ ဤဆိုခဲ့ပြီးသော ဂန္ဓဗ္ဗနတ်တို့အပြင် အခြားသော နတ်တို့သည်လည်း နတ်မင်းကြီးတို့နှင့်အတူ ရောက်လာကြကုန်၏။

ထိုမှတပါး နာဂအိုင်၌နေသော နဂါးတို့နှင့် ဝေသာလီ၌နေသော နဂါးတို့လည်း နဂါးပရိသတ်နှင့်တကွ ရောက် လာကြကုန်၏။ ကမ္ဗလမည်သောနဂါး၊ အဿတမည်သောနဂါးနှင့် ပယာဂဆိပ်၌နေသော နဂါးတို့သည်လည်း ဆွေမျိုး တို့နှင့် ရောက်လာကြကုန်၏။ ယမုန်နာမြစ်၌နေသော နဂါးတို့နှင့် ဓတရဋ္ဌအမျိုး၌ဖြစ်သော နဂါးတို့လည်း ရောက်လာကြ ကုန်၏။ ဧရာဝဏ်ဆင်ပြောင်ကြီးမည်သော နတ်သားလည်း ရောက်လာ၏။ စိတြသုပဏ္ဏအမည်ရှိသော ဂဠုန်တို့လည်း ကောင်းကင်ခရီးဖြင့် ရောက်လာကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဂဠုန်ဘေးမှငြိမ်းအောင်ပြုတော်မူသဖြင့် နဂါးတို့ဘေးကင်းလေ၏။ နဂါးနှင့်ဂဠုန် တို့သည် သိမ်မွေ့သောစကားတို့ဖြင့် ခေါ်ဝေါ်ပြောဆိုကြကုန်လျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။

ဝရဇိန်လက်နက်ရှိသော သိကြားမင်းကို စစ်ရှုံးသဖြင့် သမုဒ္ဒကိုမှီ၍ နေကုန်သော အသုရာတို့သည် သိကြားမင်း၏ ညီနောင်တို့ဖြစ်ကုန်၏။

ကာလကဥ္စအသုရာတို့သည် ကြီးမားပြီး ကြောက်မက်ဖွယ်ကောင်းသောကိုယ်ကို ဖန်ဆင်း၍လာ၏။ ဒါနဝေဃမည်သော လေးသမားအသုရာ၊ ဝေပစိတ္တိအသုရာ၊ သုစိတ္တိအသုရာ၊ ပဟာရာဒ အသုရာတို့လည်း မာနတ်နှင့်အတူ ရောက်လာကြကုန်၏။

ဝေရောစ အမည်ရှိကုန်သော ဗလိအသုရာကြီး၏ သားတစ်ရာတို့သည် ဗလိအသုရာစစ်တပ်ကို လက်နက်တပ်ဆင်ပြီးလျှင် ရာဟုအသုရိန်ကြီးထံ ချဉ်းကပ်၍ "သင့်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း၊ မဟာဝုန်တော ရဟန်းတို့ အစည်းအဝေးသို့ သွားရောက်ရန် အချိန်တန်ပါပြီ"ဟု ပြောဆိုကုန်၏။ (ရာဟုအသုရိန်ကြီးလည်း ရောက်လာကုန်၏။)

ထိုအခါ အာပေါနတ်၊ ပထဝီနတ်၊ တေဇောနတ်၊ ဝါယောနတ်၊ ဝရုဏနတ်၊ ဝါရုဏနတ်၊ သောမနတ်၊ ယသနတ်တို့လည်း ရောက်လာကုန်၏။ အခြံအရံများသော မေတ္တာနတ်၊ ကရုဏာနတ်တို့လည်း ရောက်လာကုန်၏။

ဝေဏ္ဍုနတ်၊ သဟလိနတ်၊ အသမနတ်၊ ယမနတ်တို့ ရောက်လာကြကုန်၏။ လနတ်သား၊ နေနတ်သား၊ ကြယ်နတ်သားတို့လည်း အခြံအရံနှင့်တကွ ရောက်လာကုန်၏။ မန္ဒဝလာဟကနတ်တို့လည်း ရောက်လာကုန်၏။ နတ်တို့၏ အကြီးအမှူးဖြစ်သော သိကြားမင်းကြီးလည်း ရောက်လာ၏။

မီးလျှံကဲ့သို့တောက်ပသော သဟဘုနတ်တို့၄င်း၊ အောက်မဲညိုပွင့်နှင့် တူသောအဆင်းရှိသော အရိဋ္ဌနတ်တို့၄င်း၊ ရောဇနတ်၊ ဝရုဏနတ်။ သဟဓမ္မနတ်၊ အစ္စုတနတ်၊ အနေဇကနတ်၊ သုလေယျနတ်၊ ရုစိရနတ်၊ ဝါသဝနေသီနတ်တို့လည်း ရောက်လာကုန်၏။

သမာနနတ်၊ မဟာသမာနနတ်၊ မာနုသနတ်၊ မာနုသုတ္တမနတ်၊ ခိဍ္ဍာပဒေါသိကနတ်၊ မနောပဒေါသိကနတ်၊ ဟရိနတ်၊ လောဟိတဝါသီနတ်၊ ပါရဂနတ်၊ မဟာပါရဂနတ်၊ သုက္ကနတ်၊ ကရမ္ဘ နတ်၊ အရုဏနတ်၊ ဝေဃနသနတ်၊ ဩဒါတဂယှမည်သော ပါမောက္ခနတ်၊ ဝိစက္ခဏနတ်တို့လည်း လာရောက်ကြကုန်၏။

သဒါမတ္တနတ်၊ ဟာရဂဇနတ်၊ မိဿကနတ်တို့လည်း လာရောက်ကုန်၏။ အရပ်မျက်နှာတို့၌ မိုးရွာစေလျက် သွားလေရှိသော ပဇ္ဇုန္နနတ်လည်း မိုးထစ်ချုန်းစေလျက် ရောက်လာ၏။

ခေမိယနတ်၊ တုသိတာနတ်၊ ယာမာနတ်၊ ကဋ္ဌကနတ်၊ လမ္ဗိတကနတ်၊ လာမသေဋ္ဌနတ်၊ ဇောတိနတ်၊ အာသဝနတ်၊ နိမ္မာနရတိနတ်၊ ပရနိမ္မိတ ဝသဝတ္တိနတ်တို့လည်း ရောက်လာကြကုန်၏။

သုဗြဟ္မမည်သော ဗြဟ္မာ၊ ပရမတ္တမည်သော ဗြဟ္မာ၊ သနင်္ကုမာရမည်သော ဗြဟ္မာ၊ တိဿဗြဟ္မာ တို့လည်း ရောက်လာကြကုန်၏။ လက်ချောင်းများမှ စကြာဝဠာအနံ့ အရောင်ပြန့်နှံ့နိုင်သော ဗြဟ္မာ(၁)ထောင်တို့လည်း ရောက်လာကုန်၏။ တန်ခိုးကြီးမားလျက် ကြီးသောကိုယ်ရှိပြီး ကြက်သရေနှင့်ပြည့်စုံသော မဟာဗြဟ္မာကြီးသည်လည်း အခြားဗြဟ္မာများကို လွှမ်းမိုးလျက် ရောက်ရှိလာ၏။ ဗြဟ္မာတစ်ထောင်စီ အစိုးရကုန်သော မဟာဗြဟ္မာဆယ်ဦးတို့သည် ဤအစည်းအဝေးသို့ ရောက်လာကုန်၏။ ၄င်းတို့တွင် ဟာရိတမည်သော မဟာဗြဟ္မာကြီးသည်လည်း အခြံအရံတစ်သိန်းဖြင့် ရောက်ရှိလာ၏။

ထိုအခိုက် မာနတ်မင်းသည် ထိုအစည်းအဝေးသို့ရောက်လာသော နတ်ဗြဟ္မာပရိသတ်ကြီးကို ရာဂဖြင့် ဖမ်းဆီးချုပ်နှောင်ရန် သူ၏စစ်သည်များကို လွှတ်လိုက်၏။ သူကိုယ်တိုင်လည်း မြေပြင်ကိုလက်ဖြင့် ပုတ်ခတ်၍ မိုးထစ်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ်ရာ အသံများပြုလျက် ခြောက်လှန့်၏။ ရဟန္တာတို့၏ ကြက်သီးမွေးညှင်းလေးမျှကိုပင် မလှုပ်ရှားစေနိုင်သောကြောင့် မိမိအလိုအတိုင်း မဖြစ်သောကြောင့် လက်မှိုင်ချကာ ပြန်သွားရလေ၏။

**မာနတ်၏ရာဂဖြင့် နှောင်ဖွဲ့ခြင်းဟူသည်။** ။ရာဂကင်းအောင်ပြုလုပ်ပေးနိုင်သည့် တရားနာခြင်းအမှုကို နှောင့်ယှက်လိုက်လျှင် တရားနာပျက်ပြီး ထိုသူများကို ရာဂဖြင့် နှောင်ဖွဲ့လိုက်ရာရောက်၏။(ဋီကာ)

**နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ပုံ။** ။အဋ္ဌကထာ၌ မဟာသမယသုတ်အဆုံး၌ နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်း ရဟန္တာဖြစ်ကုန်၏။ သောတာပန်စသော အရိယာတို့မှာ အရေအတွက် အပိုင်းအခြား မရှိအောင် များပြားလှ၏။ (ဋ္ဌ၊ ၂၇၇၊၂၈၈၊)

ဤစကားကို မဟာဂန္ဓာရုံဆရာတော်၏ သုတ်မဟာဝါ ဘာသာဋီကာ နိဿယ(နှာ-၂၁၈)၌ "မိမိကား--နာမည်တွေဟောရုံမျှဖြင့် တရားရကြ မည် မထင်။ ဤမဟာသမယသုတ်၏အဆုံး၌ "သမ္မာပရိဗ္ဗာဇနီယ" စသောသုတ်များကို ဆက်၍ဟောတော်မူ၏။ "ထိုသုတ်များ၏ အဆုံး၌သာ တရားရကြ၏"ဟု ထင်သည်"-ဟု သူ့၏ထင်မြင်ချက်ကို မှတ်ချက်ပေးထား၏။

ဆရာတော်ဦးဗုဓ်၏ ရှင်းလင်းချက်၌ကား = နတ်ဗြဟ္မာတို့ ဤသုတ်ကြားနာရ၍ ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ နီဝရဏကင်းသောစိတ်၊ တက်ကြွသောစိတ်၊ ကြည်လင်သောစိတ်ရှိကြသောအခါ ဘုရားက သစ္စာလေးပါးကို ဟောတော်မူ၏။ ထို့ကြောင့် အရိယာဖြစ်သွားကြသည်။

တနည်း- နတ်ဗြဟ္မာတို့ ဤသုတ်ကိုကြားနာရ၍ ပီတိ ပဿဒ္ဓိ သုခ သမာဓိ ယထာဘူတဉာဏ် နိဗ္ဗိဒါဉာဏ် ဝိရာဂဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များ ဆက်ကာဖြစ်လာကြသောကြောင့် ထိုနတ်ဗြဟ္မာများ အရိယာဖြစ်ကြသည်-ဟု ဆို၏။

(မဟာဗုဒ္ဓဝင်၊ တွဲ-၃၊ နှာ-၄၇၅-၄၇၆။)

**နေရာသစ်မှာ မဟာသမယသုတ်ကို ရွတ်ပါ။** ။ဤမဟာသမယသုတ်ကို နတ်တို့ကြည်ညိုလေးစား၏။ ထို့ကြောင့် လောကီမင်္ဂလာနှင့်စပ်သော အိုးသစ်အိမ်သစ် နေရာသစ်ကို ပြောင်းရွှေ့နေထိုင်လျှင် ဤမဟာသမယသုတ်ကို ရွတ်ဆိုသင့်၏။ (ဌ၊ ၁၈၇။)

## မဟာသမယသုတ်ကို နတ်ကိုကြည်ညိုကြခြင်း

မဟာသမယသုတ်ကို ဟောသောအခါ၌ တန်ခိုးငယ်သော ဘုမ္မစိုးနတ်များမှအစ တန်ခိုးအကြီးဆုံးဖြစ်သော ဟာရိတဗြဟ္မာကြီးတိုင်အောင် နတ်ဗြဟ္မာအားလုံးတို့ကို ဘုရားရှင်ကိုယ်တော်တိုင် နာမည်ခေါ်ကာ နှုတ်ဆက်တော်မူသဖြင့် ဤသုတ်ကိုရွတ်ဖတ်သူတို့အားလည်း နတ်ဗြဟ္မာများကို ကြည်ညိုလေးစားကြသတဲ့။

အခါတပါး တောင်စွန်းကျောင်းတိုက်၊ ကံ့ကော်ပင်လိုင်ဂူအတွင်း ရဟန်းငယ်တစ်ပါး မဟာသမယသုတ်ကို ရွတ်ဖတ်နေ၏။ ပြီးသောအခါ ကံ့ကော်ပင်စောင့်နတ်သမီးက သာဓုခေါ်လေ၏။ အသံရှင်ဘယ်သူမှန်းမသိ၍ မေးသောအခါ နတ်သမီးက သူဖြစ်ကြောင်းလျှောက်ထား၏။ ရဟန်းငယ်က နတ်သမီးကို "မြတ်စွာဘုရား ဤသုတ်ကို ဟောစဉ်က နာကြားလိုက်ရပါသလော"ဟု မေးသောအခါ သူနာလိုက်ရကြောင်းဖြေ၏။ "ဘယ်အရပ်က နာရသနည်း"ဟု မေးသောအခါ မူရင်းကတော့ သူနေတာဟာ ကပိလဝတ်ပြည်အနီး မဟာဝုန်တောမှာနေကြောင်း၊ သို့သော် တန်ခိုးကြီးသောနတ်ဗြဟ္မာများ ရောက်လာသောအခါ နေရာဖယ်ပေးရင်း နောက်ဆုံး သီဟိုဠ်ကျွန်းသို့ရောက်လာကြောင်း၊ မဟာဂါမ၏ အနောက်ဖက်၌ရှိသော သမုဒ္ဒရာအတွင်း လည်ပင်းပမာဏရှိသော ရေထဲဆင်း၍ နာခဲ့ရကြောင်း လျှောက်ထားလေ၏။ "တရားထူးများ မရခဲ့ဘူးလား"ဟု မေးသောအခါ နတ်သမီးက သောတာပန်မျှသာ ဖြစ်ခဲ့သဖြင့် ရှက်စနိုးဖြစ်ပြီး ဝန်မခံပေ။

ထိုနောင်မှ ရဟန်းငယ်က "ငါ့ကို ကိုယ်ထင်ရှားပြနိုင်ပါသလော"ဟု မေးသောအခါ ရဟန်းငယ်အတွက် သာသနာ့အန္တရာယ်မဖြစ်စေလို၍ တစ်ကိုယ်လုံးတော့ မပြနိုင်၊ လက်ညှိုးမျှသာ ပြနိုင်ကြောင်းပြောပြီး သော့ပေါက်ထဲသို့ လက်ညှိုးထိုးလိုက်ရာ ဂူတစ်ခုလုံး နေထွက်သကဲ့သို့ လင်းထိန်သွား၏။ ထို့နောင် နတ်သမီးကလည်း "အရှင်ဘုရား၊ သာသနာတော်မှာ မမေ့မလျော့ အားထုတ်တော်မူရစ်ပါ"ဟု လျှောက်ထားပြီး ပျောက်ကွယ်သွားလေ၏။ (ဌ၊ ၂၈၈။)

မဟာသမယသုတ် ပြီး၏။